## တပတ်အတွင်း သာရေးသတင်းများ

### အသုဘစက်ဝိုင်း




**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- စစ်ကိုင်းတိုင်း၊ ကလေးမြို့
- ကလေးမြို့တောင်ပိုင်း တင်သားရွာ
- ကလေးမြို့တောင်ပိုင်း အရှေ့စည်းရွာ
- ဖားအံမြို့နယ်၊ တကောင်ဘိုးကျေးရွာ
- ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာတက္ကသိုလ်
- မကွေးတိုင်း၊ ပေါက်မြို့
- မြိုင်၊ပုလဲ၊ယင်းမာပင်
- ကသာ၊ ပင်းမလွတ်ကျေးရွာ

**ဒလန်ရှင်းနယ်မြေများ**

- ကျောက်ဆည်မြို့၊ လီကွင်းကျေးရွာ
- မုံရွာမြို့၊ သလ္လာရပ်ကွက်
- ထိုင်း - မြန်မာနယ်စပ် ဘုရားသုံးဆူမြို့
- တောင်ဒဂုံမြို့နယ်၊ ၅၃ ရပ်ကွက်
- စစ်ကိုင်းတိုင်း မြောင်မြို့နယ်
- မန္တလေးတိုင်း မိုးကုတ်မြို့

**မုံးပေါက်ကွဲခဲ့သည့် မီတာရုံးများနှင့် စကစနှင့်ပတ်သက်ရုံးများ**

- မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် (လျှပ်စစ်မီတာရုံး)
- စစ်ကိုင်းတိုင်း၊ ရေဦးမြို့ ကြာပန်းအဝိုင်းအနီး(ရဲကင်း)
- လပွတ္တာမြို့ အမှတ် (၅) ရပ်ကွက် (အုပ်ချုပ်ရေးမှူးရုံး)
- ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၉ ရပ်ကွက်(အုပ်ချုပ်ရေးမှူးအိမ်ရှေ့)
- ရွှေဘို ၊ရေဦးမြို့ (လွှမ်းသူပန်းခွေကိုရဲလာရှင်းချိန်)

**ဒလန်အမျိုးအစား**

| | |
|---|---|
| - အုပ်ချုပ်ရေးမှူး | - ၁ |
| - ကြံ့ဖွတ် | - ၃ |
| - မဘသ | - ၁ |
| - စစ်တပ်အရာရှိဟောင်း | - ၁ |

**လူထုဘက်မှတိုက်ပွဲဝင်ခဲ့သောအဖွဲ့များ**

- **PDF** (မင်းကင်း၊ ယင်းမာပင်၊ ကလေး)၊ **- KNLA**
- ပေါက်မြို့နယ်ဒေသခံပြောက်ကျားတပ်


ဇူလိုင် ၁၅ရက်နေ့မှ ၂၁ရက်နေ့အထိသာရေးသတင်းပြဖယားဖြစ်ပါသည်။ တိကျခိုင်လုံသော သတင်းဌာနများမှ ဖေါ်ပြချက်များကို မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။ တိကျပြီးလက်လှမ်းမီသော အချက်အလက်များကိုသာ စုစည်းထားခြင်းဖြစ်သောကြောင့် စာရင်းမသိသော သာရေးသတင်းများကိုလည်းတွေးဆ ဝမ်းသာနိုင်ပါကြောင်း.....



အတွဲ ၂
အမှတ် ၄

# မိုလိုတော့ဗ်

ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၇၂)ရက် ရှိပါပြီ။ ဇူလိုင်၊ ၂၀၂၁



**တစ်ခုမှ ဆက်မရ**
**တစ်ခုမှ အဆင်မပြေ။**
**ကြေကွဲရပါတယ်မျာ။**
**12:13am**
**18.7.2021**

အောက်ဆီဂျင်ဟာ ဖေ့စ်ဘွတ်ခ်ပေါ်မှာ မရှိမှန်း သေချာသော်လည်း ကဗျာဆရာတယောက် က သူ့မိတ်ဆွေ ပန်းချီဆရာတယောက်အတွက် အောက်ဆီဂျင်ရရေး ကြိုးစားခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှာပဲ သူ အခုလို ရင်ဖွင့်ခဲ့ပါတယ်။ လူသားတွေအတွက် အောက်ဆီဂျင်ဟာ လူသားတွေလက်ထဲ ရှိနေရဲ့လား။ အောက်ဆီဂျင်ကို ဘယ်သူတွေ ခိုးထားလဲ။




ကျောပိုးအိတ်တလုံးနဲ့
ဖော့ဖိနပ်တွေ ပါးလျသွားတဲ့အထိ
ခြေဆန့်ခဲ့ခြင်းမှာ
တော်လှန်ရေးအတွက်၊
လွတ်မြောက်ရေးအတွက်။

ဘယ်တဦးတယောက်ကမှ
ဒီခေတ်ကြီးကို
ပြီးပါပြီဆိုတဲ့ စာတန်းကြီးနဲ့
ကန့်လန့်ကာ မချပေးနိုင်ပါဘူး။

အမေရယ်
ခုလို အမှောင်ခေတ်ကြီးထဲမှာ
အမေ့သားက
ပိုးစုန်းကြူးတကောင်စာလောက်ဖြစ်ဖြစ်
ထွန်းလင်းပေးချင်ခဲ့တာ။

အမေတွေရဲ့သားတွေလည်း
အိမ်အိုလေးကို စွန့်ပြီးတဲ့နောက်။ ။

● ခွန်ဒီမိုး





**စစ်အာဏာသိမ်းမှုကြောင့် အလုပ်အကိုင် ၁၂သိန်းခန့်ဆုံးရှုံး**

စစ်တပ်က အာဏာသိမ်းခဲ့ချိန်ကစလို့ အခုထိ (၇)လအတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတွေထွက်သွားတာနဲ့ ပြည်တွင်းလုပ်ငန်းတွေ ရပ်တန့်ပစ်လိုက်ရတာကြောင့် စီးပွားရေးထိခိုက်ခဲ့ရပြီး အလုပ်အကိုင်ပေါင်း ၁၂သိန်းခန့် ဆုံးရှုံးခဲ့ရတယ်လို့ ကုလသမဂ္ဂနိုင်ငံတကာအလုပ်သမားအဖွဲ့က ထုတ်ပြန်ထားပါတယ်။

**စစ်ကောင်စီက ကိုဗစ်လူနာဟန်ဆောင်ပြီး ပရဟိတဆရာဝန် ၅ ဦးကို ဆက်သွယ်ဖမ်းဆီး**

ဇူလိုင်(၁၉)ရက်နေ့တွင် ရန်ကုန်၊ မြောက်ဒဂုံမြို့နယ်မှာ အကြမ်းဖက်စစ်ကောင်စီက ကိုဗစ်လူနာဟန် ဆောင်ပြီး ပရဟိတကျန်းမာရေးရုံးခန်းကို ဝင်စီးနင်းဖမ်းဆီးပြီး အောက်စီဂျင်အိုးနှင့် ဆေးပစ္စည်းများ ကိုလည်း လုယူသွားမှုဖြစ်ပွားခဲ့ပါတယ်။ အွန်လိုင်း ကုသရေးလမ်းညွှန်ပေးနေသည့် ဆရာဝန် ၂ဦးနှင့် မြေ ပြင်ကုသရေး စေတနာ့ဝန်ထမ်းဆရာဝန် ၃ဦး စုစုပေါင်း ဆရာဝန် ၅ ဦးတို့ကို ဖမ်းဆီးခံခဲ့ပါတယ်။

ကိုဗစ်ကပ်ဘေးရင်ဆိုင်နေရသော်လည်း အာဏာသိမ်းအကြမ်းဖက်စစ်တပ်က ဆရာဝန်များကို ပစ်မှတ်ထား ဖမ်းဆီးနှိပ်ကွပ်နေပါတယ်။ ဆရာဝန်ရာနဲ့ချီ အလိုရှိပစ်မှတ်ထားခံနေရပြီး ၁၅၇ ဦးထက်မနည်း အဖမ်းခံထားရတာဖြစ်ပါတယ်။

**ပလိုင်းကျေးရွာလူနေအိမ်များကို စကစမီးရှို့**

ရွှေဘိုမြို့နယ်ထဲက ပလိုင်းကျေးရွာအုပ်စုမှာ အာဏာသိမ်းစစ်ကောင်စီက ပြည်သူတွေကို ပစ်သတ် ဖမ်းဆီးပြီး လူနေအိမ်တွေ မီးရှို့ဖျက်ဆီးနေတာကြောင့် ဒေသခံပြည်သူ ၆၀၀၀ ကျော်ဘေးလွတ်ရာကိုပြောင်းရွှေ့နေရပါတယ်။

**အာဇာနည်နေ့အထိမ်းအမှတ် ဆန္ဒပြသပိတ်တိုက်ပွဲများ**

ဇူလိုင်၁၆ရက်နေ့က ရန်ကုန်မြို့တွင် "လူမျိုးကြီးဝါဒ ဖယ်ရှားကြ၊ အာဇာနည်ဟာ ကိုးဦးမက" ဆိုတဲ့ စာတန်းကိုင်ဆောင်ပြီး အာဇာနည်နေ့အကြို ဆန္ဒပြခဲ့ကြတာပါ။

ဆန္ဒပြသပိတ်စစ်ကြောင်းမှာ အထွေထွေသပိတ်ကော်မတီ-**GSC**၊ ကျောင်းသားသမဂ္ဂများ၊ လူငယ်ကဗျာဆရာသမဂ္ဂ၊ အလုပ်သမားသမဂ္ဂတွေနဲ့ မြို့နယ်အထွေထွေ သပိတ်ကော်မတီတွေ ပါဝင်ကြပါတယ်။ အခြားဒေသတွေမှာလည်း "အာဇာနည်မျိုးသေရိုးမရှိ" စသည်ဖြင့် အာဇာနည်နေ့အထိမ်းအမှတ် သပိတ်ပြပွဲများ ကျင်းပခဲ့ပါတယ်။ ကပ်ရောဂါကို အကောင်းမွန်ဆုံး ရင်ဆိုင်ကျော်လွှားနေကြရင်း ကပ်ဘေးထက်ဆိုးရွားသော စစ်အာဏာရှင်ကိုလည်း မမေ့မလျော့တော်လှန်ကြဖို့ သတိပေးတိုက်တွန်းလိုတာကြောင့် သပိတ်တိုက်ပွဲတွေ ဆက်ရှိနေတာလို့ သိရပါတယ်။

**AAPP ထုတ်ပြန်ချက်(၂၀.၇.၂၀၂၁)**

မတရားအာဏာသိမ်းကာလ ရက်ပေါင်း၁၇၀ ကျော်အကြာ အာဏာသိမ်းစစ်ကောင်စီတပ်ရဲ့ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၉၂၂ ယောက်ထိ ရှိလာခဲ့ပြီး ၅၃၁၅ ယောက်ဖမ်းဆီးခံထားရဆဲဖြစ်ပါတယ်။ အသက် ၁၈ နှစ်အောက် ကလေး ၂ယောက်အပါ အဝင် ၂၆ယောက်သေဒဏ်ချမှတ်ခံထားရ၊ မျက် ကွယ်သေဒဏ်ချမှတ်ခံထားရသူ ၃၉ယောက် ရှိပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၆၅ ယောက် ရှိပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၀ ရက်အထိ **AAPP**က ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဆိုပါတယ်။

**Q:** တော်လှန်မီဒီယာတွေ၊ စကစနဲ့ သူ့ဘက်ပါတဲ့မီဒီယာတွေ၊ NUGရဲ့ မီဒီယာဆိုပြီး အသီးသီးရှိတယ်။ အစိုးရတစ်ရပ်ရပ်၊ အဖွဲ့အစည်းတစ်ခုခုရဲ့ လက်အောက်ခံမီဒီယာတွေနဲ့ တော်လှန်မီဒီယာတွေကြား ဘယ်လိုကွာခြားလဲ။

**A:** တော်လှန်ရေးမီဒီယာက ဓမ္မနဲ့ အဓမ္မယှဉ်လာရင် အစိုးရတစ်ရပ်ရပ်၊ အဖွဲ့အစည်းတစ်–ခုခုက သွားနေတဲ့ လမ်းကြောင်းမှာ မမှုတဘူး လူထုဘက်မျက်နှာမူဘူးဆိုရင် တော်လှန်ရေးမီဒီယာက အမြဲထောက်ပြဝေဖန်ပြီးတော့ အသံပေါင်းစုံ၊ ရှုထောင့်အမြင်ပေါင်းစုံ တင်ပြသွားမှာပါ။ အစိုးရတစ်ရပ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်အောက်က မီဒီယာဆိုရင်တော့ သက်ဆိုင်ရာအဖွဲ့က သတ်မှတ်ထားတဲ့ စည်းဘောင် မူဝါဒတွေကြားကနေ ကျော်လွန်ပြီးတော့ ထုတ်လွှင့်လို့မရနိုင်ဘူးလို့တော့ ကျွန်မမြင်ပါတယ်။ ဒါကြောင့် တော်လှန်မီဒီယာတွေက အမှီအခို ပိုကင်းပါတယ်။

**Q:** ဖက်ဒရယ် FM ရဲ့ အနာဂတ် ရည်မှန်းချက်က နောက်ထပ် လပေါင်းများစွာကြာရင် ဘယ်လိုဖြစ်ရမယ်ဆိုတာမျိုး ရှိပါသလား။

**A:** လူထုတော်လှန်ရေး ဆက်ရှိနေသရွေ့ ဖက်ဒရယ် FM ဆက်ရှိနေဦးမယ်။ တော်လှန်ရေးလူထု သိချင်တာတွေနဲ့ တော်လှန်ရေးအသံတွေကို လွတ်လွတ်လွတ်လပ်လပ် တင်ဆက်သွားပါမယ်။

လူထုသိဖို့လိုအပ်မယ့် ကျန်းမာရေး၊ နိုင်ငံရေး၊ ဖက်ဒရယ်ပညာရေး၊ ဗဟုသုတတွေကိုလည်း ဝေဝေဆာဆာနဲ့ အစီအစဉ်တွေတိုးချဲ့ထုတ်လွှင့်သွားနိုင်ဖို့ မှန်းထားပါတယ်။

**Q:** အချိန်ပေးဖြေကြားပေးတဲ့ နွေဦးပန်းဝါကို ကျေးဇူးတင်ပါတယ်။ မိုးလိုတော့ဗ်ကိုစာစဉ်ကိုကော ဘာများ မေးချင်၊ အကြံပြုချင်ပါသေးလဲ။ အင်တာဗျူးဖတ်နေတဲ့ လူထုကိုကော နွေဦးပန်းဝါ ဘာများပြောချင်ပါသေးလဲ။

မိုးလိုတော့ဗ်ကိုမေးချင်တာက အင်တာနက်တွေ ပြန်ရလာတော့ စာဖတ်သူကို ဘယ်လိုဗျူဟာအသစ်တွေနဲ့ ချဉ်းကပ်လဲ။

လူထုကို ပြောချင်တာက တော်လှန်ရေးကာလက ကြာကောင်းကြာဦးမယ်။ ကိုဗစ်တတိယလှိုင်းကလည်း ပြင်းထန်နေတယ်။ စစ်တပ်ကလည်း တော်လှန်ရေးလုပ်ငန်းစဉ်တွေ ရပ်သွားအောင် ကျန်းမာရေးဆိုင်ရာတွေကို ရည်ရွယ်ချက်ရှိရှိ တားဆီးပိတ်ပင်တာတွေ ဖြစ်လာနိုင်တယ်။

ဒီတော့ ဖက်ဒရယ် FM ပရိသတ်တွေအနေနဲ့ တော်လှန်ရေးအသံနဲ့ လမ်းစဉ်တွေကို အမြဲနားစွင့်ထားပါ။ အချိန်ကြာပေမယ့် တော်လှန်ရေးက အောင်မြင်ဖို့သေချာတာမို့ အားမလျှော့လိုက်ပါနဲ့။

ဖက်ဒရယ် FM ကနေ ကြားရမယ့် တော်လှန်ရေးနှိုးဆော်သံတွေကတဆင့် အားယူပြီးတော့ ခွန်အားတွေဖြည့်ပေးပါ။ နေရာအသီးသီးက တိုက်ပွဲဝင် တော်လှန်ရေးရဲဘော်တွေကို အမြဲတွေးပေးပြီးတော့ အားတင်းထားကြပါ။ တော်လှန်ရေးရေဒီယိုနဲ့ စာစဉ်တွေကိုလည်း အမြဲမပြတ်အားပေးကြပါ။ ဖက်ဒရယ် FM ကို တတပ်တအား လုပ်အားပေးချင်ရင်လည်း ဆက်သွယ်နိုင်ပါတယ်။

အင်တာနက်မရသေးတဲ့ လူထုတွေ အများကြီး ကျန်သေးတယ်။ မိုးလိုတော့ဗ်စာစဉ်က Online ကော မြေပြင်မှာပါ အရှိန်အဟုန်မြင့်စွာ ဆက်ပြီးရှိနေဦးမှာပါ။ လူထုအနေနဲ့ မိသားစု၊မိတ်ဆွေတွေဆီ သတင်းမှန်တွေရောက်အောင် ဆက်ကြိုးစားပေးဖို့ တိုက်တွန်းလိုပါတယ်။





# မြန်မာ့နွေဦးတော်လှန်ရေး



-ဟိန်းထက်ဇော်-

၂၀၂၁ မြန်မာစစ်တပ်က အာဏာသိမ်းပြီးတဲ့နောက်မှာ "မြန်မာ့နွေဦးတော်လှန်ရေး"ဆိုတဲ့ ခေါင်းစဉ်နဲ့ တော်လှန်ရေးကို အကောင်အထည်ဖော်လာကြတယ်။ တချို့လည်း ဆန္ဒပြတာကို ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်ကြလို့ တချို့ကလည်း စစ်တပ်ရဲ့တွန်းပို့မှုကြောင့် "လက်နက်ကိုင်ခုခံကာကွယ်ပိုင်ခွင့်"ကို အပြည့်အဝအသုံးချလာကြတယ်။ လူမျိုးစုလက်နက်ကိုင်တို့ရဲ့ လွတ်မြောက်နယ်မြေတွေမှာ သင်တန်းတက်သူလည်းရှိပေါ့။ ကိုယ့်တာဝန်ကိုယ်ယူပြီး ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် ပြင်ဆင်လာကြတယ်။

ဒီလိုနဲ့ PDF လို့ခေါ်တဲ့ "ပြည်သူ့ကာကွယ်ရေး"တပ်တွေပေါ်လာတယ်။ ဒလန်၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို သတိပေးပြီးတဲ့နောက် သုတ်သင်ရှင်းလင်းတာတွေရှိလာတယ်။ ရန်သူဘက်ကလည်း 'ပျူစောထီး' ဆိုပြီး တန်ပြန်အဖွဲ့တွေ ဖွဲ့လာတယ်။ အပြန်အလှန်သုတ်သင်တာတွေလုပ်လာတယ်။ တချို့က ဒလန်သုတ်သင်တာတွေအပေါ်မှာ သူတော်ကောင်းအယောင်ဆောင် ဝေဖန်လာတာတွေလည်း တွေ့နေရတယ်။ ဒီတော့ "ဘာကြောင့် ဒလန်တွေကိုနှိမ်နင်းရသလဲ"ဆိုတာ ပြောစရာရှိလာတယ်။

"နွေဦးတော်လှန်ရေး"လို့ပဲခေါ်ခေါ်၊ "နွေဦးခုခံပိုင်ခွင့်"လို့ပဲသုံးသုံး ကျနော်တို့အားလုံးရဲ့စိတ်မှာ"အာဏာရှင်"အမြစ်ဖြုတ်နှိမ်နင်းရေးစိတ်ပဲ ရှိနေတာဖြစ်တယ်။ ဒါဟာ တော်လှန်ရေးအသွင်ဆောင်တယ်။ လက်နက်ကိုင်ခုခံကာကွယ်ပိုင်ခွင့်လို့ သုံးရတာက ပြည်သူဟာ ရန်လိုစိတ်နဲ့ ကျူးကြောင်းမဲ့လက်နက်ကိုင်တာ မဟုတ်ဘူး။ ပြည်သူ့အာဏာပိုင်ခွင့်ကို လက်နက်အားကိုးနဲ့ မတရားသိမ်းယူတာကို ခုခံပိုင်ခွင့်အရ လက်နက်ကိုင်ရတာဖြစ်တဲ့အတွက် ကမ္ဘာ့နိုင်ငံတွေရဲ့ သတ်မှတ်ချက်အရ "အကြမ်းဖက်(Terrorist)"လို့ စွပ်စွဲလို့မရတော့ဘူး။ ပြည်သူ့အာဏာအတွက် လက်နက်ကိုင်ခုခံခြင်းသာဖြစ်တယ်။ ပြည်သူဟာ ဓမ္မအရ ကာကွယ်တိုက်ခိုက်ရခြင်းပါပဲ။ ဒါဟာ တရားစစ်ပဲဖြစ်တယ်။

အဲ့ဒါကြောင့် တော်လှန်ရေးပဲခေါ်ခေါ် လက်နက်ကိုင်ခုခံကာကွယ်ပိုင်ခွင့်လို့ပဲသုံးသုံး အဓိကအချက်က အာဏာရှင်ကို ဆန့်ကျင်တိုက်ပွဲဝင်ခြင်းပဲ။ အာဏာရှင်ကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာ အာဏာရှင်တို့ရဲ့ အုပ်ချုပ်ရေးယန္တရားတွေကိုပါ တချိန်တည်း တပြိုင်တည်း ဖြိုဖျက်ပစ်ကြရာမှာပဲ ဖြစ်တယ်။ အာဏာရှင်အုပ်ချုပ်ရေးယန္တရားမှာ အဓိကဒေါက်တိုင်တွေဟာ စစ်တပ်၊ ရဲတပ်၊ တရားရုံးတို့ပဲဖြစ်တယ်။ ဒီဒေါက်သုံးခုကိုအခြေခံပြီး

အဆွယ်အပွားတွေရှိတယ်။ ဒါတွေက ရပ်/ကျေးအုပ်ချုပ်ရေးမှူးနဲ့ သတင်းပေးဒလန်တွေပဲ။

အာဏာရှင်ရဲ့ အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်တာဟာ ဒီဒေါက်သုံးထောက် အခြေခံကြောင့်ပဲ။ အဲ့ဒီဒေါက်သုံးထောက်ကို တပြိုင်တည်းတော်လှန်တိုက်ခိုက်မှသာ လက်တွေ့ကျတဲ့ တော်လှန်ရေးတခုဖြစ်တယ်။ အဲ့ဒီဒေါက်တွေကို ပြန်လည်ပြုပြင် အသုံးချမယ်ဆိုတဲ့စိတ်ဟာ လက်တွေ့မဆန်ဘူး။ စိတ်ကူးယဉ်တာပဲဖြစ်တယ်။ အဲ့လိုစိတ်ကူးယဉ်မိရင် တော်လှန်ရေးအတွက် အဟန့်အတားဖြစ်တတ်တယ်။ ယောင်လို့တောင် စိတ်မကူးမိစေနဲ့။ သူတို့ကို အမြစ်ဖြတ်ချေမှုန်းရမှာဖြစ်တယ်။ ဒေါက်သုံးထောက်ရဲ့ အစွယ်အပွားဖြစ်တဲ့ ဒလန်၊ စစ်သတင်းပေးနဲ့ အုပ်ချုပ်ရေးမှူးတွေကို ဘာလို့ ရှင်းလင်းသုတ်သင်ရလဲဆိုရင် ရန်သူ့ဒေါက်တိုင်ဖြစ်နေလို့ပဲ။

သာဓကအဖြစ်ပြရရင် AA ဟာ နမူနာပဲ။ AA ဟာ ရဲတပ်ဖွဲ့နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို ပထမဆုံး သုတ်သင်လိုက်တယ်။ မှတ်မိကြဦးမယ်ထင်တယ်။ အဲ့လို ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို သုတ်သင်လိုက်တော့ ရခိုင်ရဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူး(၅၀၀)လောက် နုတ်ထွက်သွားကြတယ်။ အစိုးရရဲ့ အုပ်ချုပ်ရေးလည်း စတင်ပျက်ပြားလာတယ်။ ဒလန်တွေ၊ စစ်သတင်းပေးတွေကိုလည်း သုတ်သင်ပစ်လိုက်တယ်။ အဲ့ဒီမှာတင် အစိုးရရဲ့အုပ်ချုပ်ရေး ပျက်ပြားသလို ဒလန်တွေ၊ စစ်သတင်းပေးတွေလည်း ငြိမ်သွားကြတယ်။ ဒေါက်တိုင်တွေရပ်သွားတာနဲ့ ရခိုင် AA ဟာ စစ်မျက်နှာမှာအသာစီးရပြီး အာဏာသိမ်းတပ်ဟာ ရခိုင်နဲ့နားလည်မှုယူပြီး ဒူးထောက်လိုက်ရတော့တာပဲ။

ရခိုင်ကလည်း ဒီနမူနာကို “ဝ”တွေဆီက ရခဲ့ဟန်ရှိတယ်။ “ဝ”ဟာ အစကတည်းက စစ်အင်အားရှိတယ်။ တိုက်စွမ်းရည်မြင့်တယ်။ သဘောတရားရှိတယ်။ နောက်ခံ ‘တရုပ်’ ရှိခဲ့တယ်။ ဒါ့အပြင် “ဗကပ”နဲ့ နှစ်အတန်ကြာတွဲခဲ့တာမို့ လက်ဝဲတော်လှန်ရေးရဲ့ သဘောတရားကိုသိနေတယ်။ လီနင်ရဲ့ “(State and Revolution) နိုင်ငံတော်အစိုးရနဲ့တော်လှန်ရေး” သဘောကို သိနေတယ်။

ဒါကြောင့် စစ်တပ်နဲ့ ငြိမ်းချမ်းရေးယူပြီးတဲ့နောက်မှာ “ဝ”က သူ့နယ်ထဲမှာရှိတဲ့ ရဲတပ်၊ စစ်တပ်နဲ့ အစိုးဝန်ထမ်းတွေကို လက်မခံတော့ဘဲ နှင်ထုတ်ခဲ့တယ်။ အစိုးရဟောင်းရဲ့ အုပ်ချုပ်ရေးယန္တရားကို အမြစ်ကစ ဖျက်သိမ်းလိုက်ပြီး “ဝ”အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်နိုင်ခဲ့တာပဲ။ အဲ့ဒါ တော်လှန်ရေးရဲ့ လက်တွေ့ကျတဲ့ အဆုံးအဖြတ်နဲ့ လုပ်ရပ်ပဲဖြစ်တယ်။ ဒါကြောင့် ဒလန်သတင်းပေးနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးတွေကို သုတ်သင်ရခြင်းပဲဖြစ်တယ်။ ဒါဟာ အနီးကပ်ဆုံးနမူနာတွေပဲ။

တော်လှန်ရေးလုပ်တယ်ဆိုတာ တောင်းယူတာမဟုတ်ဘူး။ တိုက်ယူတာဖြစ်တယ်။ တိုက်ယူရာမှာ ရန်သူဒေါက်တိုင်တွေဖြစ်တဲ့ ရဲ၊ စစ်တပ်နဲ့ တရားရုံးတွေကို အမြစ်ဖြတ်သုတ်သင်ရမယ်။ အုပ်ချုပ်ရေးရဲ့ အဓိကဒေါက်တိုင်ဖြစ်တဲ့ အခြေခံ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ၊ စစ်သတင်းပေးနဲ့ ဒလန်သုတ်သင်ရေးကိုလည်းလုပ်ကြရမှာ ဖြစ်တယ်။ ဒေါက်တိုင်မဖြိုဘဲ တည့်မတ်နေသ၍ ရန်သူဟာ ရပ်တည်နိုင်စွမ်းရှိနေဦးမှာဖြစ်တယ်။

ရန်သူဟာ အဲ့ဒီဒေါက်တိုင်တွေတည်မြဲဖို့အတွက် လက်နက်နဲ့ခြိမ်းခြောက်စေခိုင်းခြင်းရှိသလို ငွေကြေးနဲ့စေခိုင်းခြင်းလည်းရှိတယ်။ ဒီအတွက် ရန်သူရဲ့ငွေကြေးရရာရလမ်းတွေကို ပိတ်ပင်ကြရမယ်။ အခွန်ငွေကနေ ရန်သူက ဘဏ္ဍာရနေတယ်ဆိုရင် အခွန်ဘဏ္ဍာမဆောင်ရေးဟာ အဓိကဖြစ်လာမယ်။ ကျောထောက်နောက်ခံ ကုမ္ပဏီရှိနေတယ်ဆိုရင်လည်း အဲ့ဒီကျောထောက်နောက်ခံကုမ္ပဏီကို ယှိုင်နဲ့အောင်လုပ်ကြရမှာပဲဖြစ်တယ်။ အာဏာရှင်ကို အထောက်အပံ့ပြုနေတဲ့ စက်ရုံဆိုရင်လည်း ပြည်တွင်းပြည်ပမရွေး ဖောက်ခွဲဖျက်ဆီးပစ်ကြရမှာပဲ။ လက်တွေ့ကျကျစဉ်းစားပြီး တော်လှန်ရေးအတွက် လုပ်သင့်တာတွေကိုလုပ်ကြရမှာပဲ။

● ဟိန်းထက်ဇော်





“Youth Voice – လူငယ့်အသံ”(အမည် အတည်မပြုရသေး)မှာတော့ လက်ရှိတာဝန်ရှိသူတွေနဲ့ အစိုးရကို လူငယ်တွေ မေးချင်၊ပြောချင်တဲ့ သတင်းစကား၊ခံစားချက်တွေကို တင်ဆက်ပေးနေပါတယ်။

**Q:** လက်ရှိကော အွန်လိုင်းကပဲလွှင့်နေတာလား၊ ရေဒီယိုကကော လွှင့်လား။ ဘယ်နှမြို့နယ်။ ဘယ်ပြည်နယ်တွေလောက်ကို လွှမ်းခြုံထားပြီလဲ။ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မယ့် ရေဒီယိုအဖြစ်ဆက်လက်ချီတက်သွားဖို့ရှိပါသလား။

**A:** အင်တာနက်ပြတ်သွားတော့ အဖမ်းခံရမယ်သိလျက်နဲ့ပဲ ရန်ကုန်က မြို့နယ်တချို့မှာတိုင်ထောင်ပြီး တက်တက်ကြွကြွ ထုတ်လွှင့်ခဲ့တယ်။။ အင်တာနက်ပြန်ရပြီးနောက် ရန်ကုန်ပြည်သူကဖေ့ဘုတ်ပေါ်က သတင်းမီဒီယာတွေရဲ့ သတင်းတွေကိုပဲ ဖတ်နေကြတာကြောင့် အင်တာနက်နဲ့ မီးပြတ်တောက်နိုင်ခြေရှိမယ့် နယ်တွေက နေရာ ၂ခု၊၃ခုလောက်မှာ ဖြန့်ပြီး ဒေသခံလူထုကို သတင်းတွေဖြန့်ဝေပေးဖို့ စီစဉ်ထားပါတယ်။ ဖက်ဒရယ် FM ဖေ့စ်ဘွတ်ခ်မှာ ကြာသပတေးနဲ့ တနင်္ဂနွေတိုင်းတော့ ဆက်လက်ထုတ်လွှင့်နေဆဲပါ။

**Q:** ရေဒီယိုတိုင်တွေထောင်ပြီး ထုတ်လွှင့်တဲ့အခါ စစ်ကောင်စီက စုံစမ်းထောက်လှမ်းခံရတဲ့ အဖြစ်မျိုးတွေ ရှိခဲ့ပါလား။ ဒါကို ဘယ်လိုကျော်လွှားခဲ့လဲ။ အမှတ်ရစရာ အဖြစ်အပျက်မျိုး ရှိရင်လည်း ပြောပြပေးစေချင်တယ်။ လုံခြုံရေးအရ အဆင်ပြေသလောက်ပါ့။

**A:** လုံခြုံရေးကို အထူးသတိထားပြီး နည်းပညာကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပေမယ့်လည်း စစ်ကောင်စီရဲ့ ဆက်သွယ်ရေးတပ်တွေက ဘယ်လိုထောက်လှမ်းတယ်ဆိုတာကို ခန့်မှန်းလို့ပဲရတယ်။ တိတိကျကျကြီးတော့ မသိဘူး။ အင်တာနက်ပြတ်တော့ စစ်အာဏာရှင်ထုတ်ကုန်တွေ မဝယ်ဖို့ နှိုးဆော်သံတွေလွှင့်တယ်။ မှတ်မှတ်ရရရှိတာတစ်ခုက ပြေ မေ လောက်မှ ကျွန်မတို့ တိုင်တွေရဲ့ စစ်ဂနယ်တွေကို ကားတွေနဲ့ လိုက်ပတ်ရှာတဲ့ သံသယဖြစ်စရာတွေ တွေ့တယ်။ ဖက်ဒရယ် FM ကို အရပ်ဘက်အဖွဲ့အစည်းတွေက သိကြတယ်လေ။ ဒီတော့ FM ကို လိုက်နေတဲ့ သတင်းတွေ သူတို့ တဆင့်ကြားသိတာနဲ့ ကျမတို့ဆီ လည်း လှမ်းသတိပေး အကြောင်းကြားပေးတယ်။

ရေဒီယိုတိုင်ထောင်တဲ့ မြို့နယ်တွေကို သိပြီဆိုတဲ့ သတင်းစကားက အလန့်တကြားဝင်လာတယ်။ အဲ့နေ့မှာ ဖေ့ဘုတ်မှာရော ရေဒီယိုမှာပါ Live လွှင့်နေတာ။ အဲတော့ အားလုံးရပ်ပြီး ပြေးကြ တော့၊ လူစုခွဲကြတော့ဆိုပြီး သတိပေးကြတာပေါ့လေ။ ဖြစ်ချင်တော့ အဲ့နေ့ Online Broadcast လွှင့်နေတုန်း VPN က ပြုတ်သွားတယ်။ ဒါဆိုရင် ဖြစ်နိုင်တယ်ဆိုပြီး လူစုအမြန်ခွဲပြီး ရှောင်တိမ်းလိုက်ရတဲ့ အဖြစ်အပျက်ကလေးကတော့ တကယ့်ကို မှတ်မှတ်ရရတစ်ခုပါပဲ။

**Q:** ဖက်ဒရယ် FM မှာ ထုတ်လွှင့်နေတဲ့ အင်တာဗျူး၊ စာမူ၊ ကဗျာနဲ့ သီချင်း လက်ရာတွေကို ဖန်တီးသူတွေရဲ့ လုံခြုံရေးကိုရော ဘယ်လိုမျိုး စီစဉ်ဆောင်ရွက်ပေးတာ ရှိပါသလဲ။

**A:** စာမူရှင်တွေနဲ့ အနုပညာဖန်တီးသူတွေရဲ့ လုံခြုံရေးအတွက်ကတော့ သူတို့နဲ့ပဲတိုက်ရိုက်ညှိနှိုင်း ပါတယ်။ တော်တော်များများကတော့ လူ။အဖွဲ့အစည်းနာမည် မဖော်ပြဖို့၊ တချို့က အသံဖျက်ပြီးမှ အင်တာဗျူးတွေ ထုတ်လွှင့်ဖို့ တောင်းဆိုကြတယ်။ ဖန်တီးသူ သုံးစေချင်တဲ့ အမည်ကို ပဲသုံးပြီးလွှင့်ပါတယ်။

## “တော်လှန်မီဒီယာတခုဖြစ်တဲ့ ဖက်ဒရယ် FM နှင့်မေးမြန်းခန်း”

အပိုင်း - ၂




ယခင်တပတ်မှအဆက်–

ဖက်ဒရယ်အကြောင်း၊ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ အကျပ်အတည်းတွေ၊ မျက်မှောက်ဖြစ်ပေါ်နေတဲ့ ရေးရာတွေနဲ့ ပတ်သက်ပြီး အင်တာဗျူးအစီအစဉ်တွေ၊ သုံးသပ်ချက်တွေလည်း စီစဉ်ထုတ်လွှင့်ပါတယ်။

CDM လုပ်ထားတဲ့ ဆရာဝန်ကွန်ယက်တွေနဲ့ ချိတ်ဆက်ပြီး ရေဒီယိုကျန်းမာရေးအကြံပေး အစီအစဉ်တွေ လုပ်ခဲ့ပါတယ်။

ပုံမှန်ထုတ်လွှင့်နေတာတွေက အင်တာဗျူးအစီအစဉ်၊ သပိတ်နှိုးဆော်သံ၊ နောက်ပြီး စစ်ကောင်စီရဲ့ မတော်တရော်လုပ်မှုတွေကို သရော်တဲ့ တောင်မြန်မာက မောင်အာဆိုတဲ့ သရော်စာနဲ့ လက်ရှိဖြစ် နေတဲ့ ကျန်းမာရေး၊ နိုင်ငံရေးအရ လုပ်သင့်တဲ့ နည်းနာ၊ အကြံပေးဆွေးနွေးချက်တို့ ဖြစ်ပါတယ်။

ကျွန်မအထင် ပရိတ်သတ်က ပိုအားတက်ပြီး အချိန်ပေးနားထောင်တာက Edutainment ဆန်တဲ့ တော်လှန်ရေးကဗျာနဲ့ တော်လှန်ရေးသီချင်းတွေ ဖြစ်ပါတယ်။ ဒါ မိုလိုတော့ဗ်ကိုလည်း ကျေးဇူးတင်ရမှာပါ။ ဒီနွေဦးတော်လှန်ရေးအတွက် သီးသန့်ရေးစပ်ထားတဲ့ တော်လှန်ရေးကဗျာနဲ့ သီချင်းတွေက အင်မတန်ကို အားကောင်းပြီး စိတ်ထိခိုက်၊ ခံစားရစေပါတယ်။ အဲ့လိုစိတ်ထိခိုက်မှုတွေကနေ တစ်ဖန်ပြန်အားယူပြီး အာဏာရှင်တိုက်ထုတ်ချင်စိတ်ပေါက်ခဲ့ရတာမျိုးတွေပါ။

အစီအစဉ်အသစ်တွေကတော့

“ဣတ္ထိယတို့တော်လှန်သံ”မှာ အာရှနဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ရေရှည်ခိုင်မြဲနေတဲ့ အမျိုးသမီးတွေအပေါ် သတ်မှတ်ထားတဲ့ စံနှုန်း၊တန်ဖိုးတွေအကြောင်း၊ နွေဦးတော်လှန်ရေးကာလမှာ လမ်းမတွေပေါ်ထွက်ပြီး ဦးဆောင်ခဲ့တဲ့ အမျိုးသမီးတွေရဲ့ ခွန်အားနဲ့ တော်လှန်ရေးသတ္တိတွေကို အဓိကထား တင်ဆက်တယ်။





## သတင်းရေးသတင်းရ မှတ်စုများ

အပိုင်း-၁၅

× ဘိုးဒေါင်း ×



အရင်အပတ်ကလည်း သူလျှိုအကြောင်းပြောခဲ့တယ်။ တကယ်တော့ တပ်ကြီးတတပ်လုံးမှာ သူလျှိုများကို ကိုင်တွယ်မယ့်သူထက်ပိုပြီး ယုံကြည်အားထားရသူ မရှိဘူး။ ယုံကြည်အားထားရလောက်မှ ကိုင်တွယ်စေရတယ်။

သူလျှိုကိုင်တွယ်သူနဲ့ သူလျှိုတွေအတွက် ငွေကြေးအရလည်း သုံးစွဲခွင့်ပြုရတယ်။ ချီးမြှင့်မြှောက်စားပေးကြရတယ်။ သူလျှိုကိစ္စဟာ ငွေခင်းပြီးလုပ်ရတာတွေလည်းရှိတယ်။

သူလျှိုလုပ်ငန်းကိစ္စထက်ပိုပြီး ထိန်းသိမ်းလျှို့ဝှက်ရတဲ့အရာလည်း မရှိဘူး။ လုပ်ရည်ကိုင်ရည်မပြည့်ဝရင် အကင်းပါးနပ်သူ၊ ထက်မြက်သူ၊ ဖြတ်ထိုးဉာဏ်ကောင်းသူဖြစ်ဖို့လိုတယ်။ စိတ်ဓာတ်နဲ့ ယုံကြည်ချက် မခိုင်မာသူဖြစ်နေရင်လည်း သူလျှိုကို အသုံးပြုနိုင်တဲ့စွမ်းရည် မရှိနိုင်ပြန်ဘူး။

သူလျှိုကို အသုံးပြုစေခိုင်းသူဟာ အသေးစိတ်ကြည့်နိုင်ရမယ်။ အနုစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ရမယ်။ စေ့စေ့စပ်စပ်ကြည့်ရှုပြီး သူလျှိုကတဆင့်ပေးထားတဲ့ သတင်းအချက်အလက်ကို ယိုပေါက်မကျန်အောင် ဝေဖန်သုံးသပ် ခွဲခြားစိစစ် ဆုံးဖြတ်ပေးနိုင်သူလည်း ဖြစ်ရတယ်။

သူလျှိုကို အသုံးပြုစေလွှတ်သူ တာဝန်ရှိသူအကြီးအကဲဟာ စစ်ရေးအပြင် ပြင်ပဗဟုသုတ ကြွယ်ဝသူလည်း ဖြစ်ရမယ်။ အချက်မကျန်အောင် စိစစ်နိုင်ရမယ်။ ရတဲ့သတင်းတွေအပေါ် ခြုံငုံပြီးလည်းစဉ်းစားရမယ် (Inductive)။ ထုတ်နုတ်ပြီးလည်း စဉ်းစားတတ်ရမယ် (Deductive)။ အနုလုံပဋိလုံ အပြန်အလှန်လည်း သုံး

သပ်ရမယ်။ အခြားအချက်အလက်တွေနဲ့လည်း တိုက်ဆိုင်စစ်ဆေးနိုင်ရမယ်။

အရေးကြီးတာက 'ဘယ်ပစ်မှတ်အတွက်၊ ဘယ်လိုစစ်ဆင်ရေးအတွက် သူလျှိုကို အသုံးပြုတာလဲ' ဆိုတာကို သူလျှိုစေလွှတ်တာကလွဲပြီး စေလွှတ်ခံသူလျှိုကို အသိမပေးရဘူး။ အကြောင်းတခုချင်း၊ အချက်တခုချင်းကို တယောက်တမျိုးစီ စေခိုင်းရတယ်။ တယောက်တည်းက အကြောင်းအချက်အများကြီး သိနေရင် အန္တရာယ် ရှိတယ်။ ကိုယ်စေလွှတ်လိုက်တဲ့ သူလျှိုဟာ ရန်သူအဖမ်းခံရနိုင်တယ်ဆိုတာ မမေ့နဲ့။ ရန်သူက ကိုယ့်ဘက်က သူလျှိုကို ဖမ်းမိသွားရင်လည်း ကိုယ်ခိုင်းစေတဲ့အချက်ကိုပဲရမယ်။ ကိုယ့်ရဲ့စစ်ရေးစီမံချက်တခုလုံးကို မရနိုင်ဘူးပေါ့။ ဒါကြောင့် တယောက်ချင်းစီကို အကြောင်းချင်းရာတခုစီပဲ စေခိုင်းကြရတယ်။

အဲဒီလို တဦးတယောက်ချင်းစီက သူတို့ရတဲ့အချက်တွေကို ပေးပို့လာတဲ့အခါ ရတဲ့သတင်းအချက်လက်ပေါ်မှာ ခြုံငုံစဉ်းစား (Inductive)၊ ထုတ်နုတ်စဉ်းစား(Deductive) တာတွေ လုပ်ရတယ်။

ဥပမာပြောရရင် ရန်သူစခန်းတခုကိုတိုက်မယ့် စစ်ရေးအစီအစဉ်တခုအတွက် ဗျူဟာမချမီမှာ သတင်းအချက်အလက်ကြိုစုထားရမယ်။ ဒီအခါ အတွင်းသူလျှိုနဲ့ ဒေသခံတွေဆီက ရန်သူ့အကြီးအကဲရဲ့လူယုံတွေ၊ ရန်သူအတွက် သတင်းပေးပို့ဆက်သွယ်သူ (ဒလန်)တွေ၊ အပေါက်စောင့် (ကင်းသမား)၊ အကြံပေးသူ၊ လက်ထောက် စတာတွေရဲ့ အမည်၊ အမူအကျင့်၊ ကြိုက်နှစ်သက်ရာ ဝါသနာ၊ မိသားစု၊ စီပွားရေးအခြေအနေ စတဲ့အချက် အလက်တွေကို ရယူကြိုသိထားရမယ်။ စေလွှတ်မယ့် သူလျှိုကိုလည်း ဒီအချက်အလက်အချို့ပေးပြီး ဒီလူတွေပတ်သက်ရာကို အဘက်ဘက်က အချက်အလက်တွေသိအောင် ဖြည့်စွက်စုံစမ်း ညွှန်ကြားပေးနိုင်ရမယ်။ ဒါမှသာ အောင်မြင်တဲ့ တိုက်ပွဲဗျူဟာကို တိကျမှန်ကန်စွာ ရေးဆွဲချမှတ်နိုင်လိမ့်မယ်။

ကိုယ့်အတွင်းထဲကို ရန်သူကစေလွှတ်ထားတဲ့သူလျှိုကိုလည်း သိအောင်မိအောင် ဖော်ထုတ်နိုင်ရမယ်။ ဖော်ထုတ်လို့ရရင် တန်ပြန်အသုံးချလို့ရအောင် သွေးဆောင်ဖျားယောင်းနိုင်ရမယ်။ တန်ပြန်သူလျှိုအဖြစ် အသုံးပြုနိုင်ရမယ်။ တန်ပြန်သူလျှိုကြောင့် ရန်သူ့သတင်းကိုသိရင် 'အသေသူလျှို'အဖြစ်စေလွှတ်ထားသူကို သတင်းအမှား၊ သတင်းအတုကို ဖြန့်ဖို့၊ လိမ်ဖို့အသုံးပြုနိုင်တယ်။ ရန်သူသတင်းအချက်ကို သိပြီးတာနဲ့ အရှင်သူလျှိုကို အစီအစဉ်အတိုင်း အချိန်မီပြန်လာစေနိုင်တယ်။ အစီအစဉ်အတိုင်း အချိန်မီပြန်မလာဘဲ ဆက်လုပ်ဆောင်နေရင် 'အလီကိုဟင်'(Eli Cohen)လို အမှားမျိုး ကြုံရတတ်တယ်။

(မှတ်ချက်–လက်ရှိ ရန်သူဘက်က သတင်းမှားသတင်းတုဖြန့်ပြီး လိမ်လည်နေခြင်းဟာ ဒီသဘောဖြစ်တာကြောင့် ဖေ့ဘုတ်ပေါ်မှာ ကိုယ့်လူတွေကိုယ်တိုင် ရှယ်မိနေကြတာကို သတိပြုလေ။ ရန်သူဖြန့်တဲ့ သတင်းတု၊ သတင်း မှားတွေကို ဖြန့်ဝေမိတာ ကြာလာရင် ကိုယ်တိုင်မသိလိုက်ဘဲ(Unwittingly)၊ မစဉ်းစားမိဘဲ၊ အမှုမဲ့အမှတ်မဲ့ ရန်သူနဲ့ အလိုတူအလိုပါသဘောကို ရောက်သွားတတ်တယ်။ သတိပြုဆင်ခြင်လေ။)

ကဲ … နောက်တပတ်မှာ ဆုံကြသေးတာပေါ့။

● ဘိုးဒေါင်း








ယခုရက်ပိုင်း စစ်အုပ်စုဘက်က ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးနေပြီဆိုသည့် သတင်းတွေထွက်လာသည်။ ဒါကလည်း အထူးအဆန်း ကိစ္စမဟုတ်။ ထိုကဲ့သို့လုပ်လာမယ်ဆိုတာ မျှော်လင့်ထား၊ ခန့်မှန်းထားပြီးသားဖြစ်သည်။ စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ ပြည်သူလူထုတရပ်လုံးနီးပါး စစ်အာဏာသိမ်းမှုကို အုံကြွဆန့်ကျင်ခဲ့ကြသည်။ တပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လမ်းမပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ လမ်းမမှန်သမျှ လူပင်လယ်ကြီးများနှင့် ပြည့်နေခဲ့သည်။ လူထု၏ ရာနှုန်းပြည့်နီးပါး ဆန့်ကျင်ခြင်းကိုခံရသော်လည်း စစ်အာဏာပိုင်တွေက အလျှော့မပေး။ လူထုအုံကြွမှုကို အကြမ်းဖက် သတ်ဖြတ်မှုများဖြင့် တဆင့်တိုး၍ ဖိနှိပ်ခဲ့သည်။ လူထုကလည်း အစိုးရဝန်ထမ်းများ၏ CDM သပိတ်များဖြင့် တဆင့်တိုး ဆန့်ကျင်ခဲ့သည်။ အစိုးရ ယန္တရားတခုလုံး ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ရသည်။ သို့သော် စစ်တပ်က ချုပ်ကိုင်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ရဲ၊ ထောင်၊ တရားရုံးများနှင့် စစ်တပ်ကမူ လူထုကို ဆက်လက်ဖိနှိပ်ခဲ့ကြသည်။ တရားမဲ့သတ်ဖြတ်မှုများကို အပြင်းအထန်ပြုလုပ်ပြီး လူထုအပေါ် ဖိနှိပ်အကြမ်းဖက်ခဲ့သည်။

လူထု၏ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်မှုများ ရက်ရှည်လများကြာလာသောအခါ စစ်အာဏာရှင်အောက်လက်အောက် လွတ်မြောက်ရန်အတွက် လက်နက်နှင့် အကြမ်းဖက်ဖိနှိပ်မှုကို လက်နက်နှင့်သာ တုံ့ပြန်မှုရမည်ဆိုသော အသိအမြင်များ လူထုအတွင်း ပေါ်ပေါက်လာသည်။ လက်နက်ကိုင်တော်လှန်ရေးအမြင် ရရှိလာခဲ့ပြီး ရရာလက်နက်နှင့် ခုခံဆန့်ကျင်ခဲ့ကြသည်။

ယင်းအခြေအနေကို စစ်အာဏာရှင်တို့ ကြိုတင်တွက်ဆထားခြင်းမရှိခဲ့ကြပါ။ ပြည်သူတရပ်လုံး၏ လက်နက်ကိုင်တော်လှန်မှုကို စစ်အာဏာရှင်တို့ အနိုင်ယူဖို့မဖြစ်နိုင်။ ထို့ကြောင့်ပင် တနေ့မှာ ဒေါ်အောင်ဆန်းစုကြည်တို့ကို လွှတ်ပေးပြီး စေ့စပ်ညှိနှိုင်းလာမည်ဆိုတာကို ကြိုတင်ခန့်မှန်းထားပြီး ဖြစ်သည်။ ယခုပင် အဆိုပါလမ်းအတိုင်း သူတို့လှမ်းလာကြပြီ။ ညှိနှိုင်းကြမည်။ စေ့စပ်ကြမည်။ အလျှော့အတင်း၊ အပေးအယူတွေ လုပ်ကြတော့မည်။ နောက်မကြာခင်မှာ စစ်ဗိုလ်ချုပ်တွေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နဂိုအနေအထား(သို့မဟုတ်) တွဲဖက်အုပ်ချုပ်မှုပုံစံတခုကို ရယူကြတော့မည်။

စစ်ဖက်–အရပ်ဖက် တွဲဖက်အစိုးရတခု ပေါ်ပေါက်လာပြီး တိုင်းပြည်ကို တဖန်ပြန်အုပ်ချုပ်ကြတော့မည်။ လမ်းမပေါ်မှာ ဆန္ဒပြခဲ့သည့် ပြည်သူလူထုရဲ့ တိုက်ပွဲတွေ၊ လမ်းမပေါ်မှာ၊ ရပ်ကွက်တွေ ကျေးရွာတွေမှာ၊ အသက်ပေးလှူခဲ့ကြသည့် ပြည်သူ့ သူရဲကောင်းတို့ ချောင်ထိုးခံရတော့မည်။ လျစ်လျူရှု ပစ်ပယ်ခံရတော့မည်။ ပြည်သူကို ကျောခိုင်း၍ သူတို့ ရင်ကြားစေ့ကြတော့မည်။ စေ့စပ်ညှိနှိုင်းကြတော့မည်။ အပေးအယူလုပ်ကြတော့မည်။

ဒါဆိုရင် … ပြည်သူ့တော်လှန်ရေး … ဘယ်လဲ၊ ဘာလဲ။

● ရဲကျော်

တာဟာ အားရစရာ ပါဘဲ။

ဒီနွေဦးတော်လှန်ရေးဟာ အမျိုးသမီးနဲ့ လူငယ်တွေအတွက် "သမိုင်းသစ်"ကို ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒီတော်လှန်ရေးမှာ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးနဲ့အတူ ခေတ်နောက်ပြန်စွဲနေတဲ့ အယူဝါဒတွေကိုပါ တပြိုင်တည်း ဖြိုဖျက်နေတာ မျက်ဝါးထင်ထင်မြင်တွေ့နေရတယ်။

"အမျိုးသမီးတွေမပါရင် ဒီတိုက်ပွဲ မနိုင်နိုင်ဘူး"လို့တောင် ကြွေးကြော်ရင်း သတ္တိပြခဲ့ကြတယ်။

ဒါဟာ ဂုဏ်ယူ အားရစရာပါ။

ဒါပေမဲ့ 'အတွေးအခေါ်ဟောင်းတွေ"ကိုစွန့်ပြီး စစ်အာဏာရှင်စနစ်နဲ့ အာဏာရှင်စနစ်တွေကို တွန်းလှန်ကြတဲ့အခါ အတိမ်အနက်လေးတွေ ကွာခြားတာ မြင်ရပါတယ်။

ဆွေးနွေးဖို့လိုအပ်မဲ့ အယူအဆလေးပါ။ အဲ့ဒါကတော့ ...

ဇူလိုင် (၁၄) ရက်နေ့မှာတော့ "ပန်ထွာဘုရင်မစစ်ကြောင်း"ဆိုတာ မြင်လိုက်ရတဲ့အခါ နည်းနည်းအံ့အားသင့်မိသွားပါတယ်။ စစ်ကြောင်းမျှူးစဉ်းစားချက်ကတော့ ငါတို့အမျိုးသမီးတွေလည်းအုပ်ချုပ်သူတွေပဲလို့ ထောက် ပြချင်ပုံရပါတယ်။ (သို့မဟုတ်) နိုင်ငံတော်အတိုင်ပင်ခံကို ရည်ညွှန်းလိုတဲ့ အယူအဆလို့လည်းထင်မိပါတယ်။

ဒါပေမဲ့ စစ်အာဏာရှင်စနစ်နဲ့ အာဏာရှင်စနစ်မှန်သမျှကို "စနစ်သစ်"နဲ့အစားထိုးမယ့် အမျိုးသမီးတွေဟာ "စေ"တလုံးပိုင်ရှင်တွေကို ပြန်လည်ပုံဖော်တဲ့ ဟန်တွေကတော့ ဒီနေ့ကာလ ရည်မှန်းချက်တွေနဲ့ "ကွဲလွဲသွားတယ်"လို့ ထောက်ပြ ဆွေးနွေးပါရစေ။

စစ်အာဏာရှင်တွေဟာ ပဒေသရာဇ်ခေတ်ရဲ့ အငွေ့အသက်တွေကို တုပခိုလှုံနေတုန်းပါပဲ။ အဲ့ဒါကို ထောက်ပြရမယ်ဆိုရင်တော့ "သတ်"ဆို "သတ်"၊ "ပစ်"ဆို "ပစ်"အမိန့်နာခံမှုပါပဲ။ စစ်တပိုင်းအစိုးရ အုပ်စိုးချိန်မှာလည်း ဘုရင်တပါးလို သမ္မတအဆောင်အယောင်နဲ့ ပလ္လင်ကို ဖန်တီးထားတာ မြင်ပြီးဖြစ်မှာပါ။ နေပြည်တော်ဆိုတဲ့မြို့ကိုတည်ပြီး အဲ့ဒီပဒေသရာဇ်စနစ်ကာလတုန်းက အခေါ် အဝေါ် တွေနဲ့ လမ်းအမည်တွေ မှည့်ထားတာလည်း သွားဖူးသူတိုင်း၊ ဖတ်ဖူးသူတိုင်း သိကြပါလိမ့်မယ်။ ခုလို ပဒေသရာဇ်အငွေ့အသက်နဲ့ တည်ဆောက်ထားတဲ့ စစ်ကျွန်ပြုစနစ်ကို ဖျက်သိမ်းဖို့၊ ခေတ်အခေါ် အရ စစ်အာဏာရှင်စနစ်ဆိုးကို ဖျက်သိမ်းဖို့ကြိုးပမ်းနေတဲ့ အမျိုးသမီးတွေကိုလည်း ပဒေသရာဇ်အငွေ့အသက်တွေ မလှုံပါနဲ့လို့ ထောက်ပြ ဆွေးနွေးလိုပါတယ်။

"အတွေးရှင်းပေမဲ့ လုပ်ဟန် မမှားဖို့"ကလည်း နိုင်ငံရေးနယ်ပယ်မှာ အရေးကြီးတဲ့ အချက်တချက်ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ (၁၈၆၉ ခုနှစ်) မှာ ဂျွန်စတူးဝပ်မီးလ်း (John Stuart Mill) ရေးထားတဲ့ "မိန်းမတို့ကို ကျွန်ပြုခြင်း" (The Subjection of Women) စာအုပ်ရဲ့ နောက်ဆုံးအပိုဒ်မှာ "မ"တို့ လွတ်လွတ်ကျွတ်ကျွတ်ကြီး လွတ်မြောက်မှုဖြစ်တော့မည်။ သို့မှသာ လူဦးရေထက်ဝက်ကျော် အရေအတွက်ဝင်သူများ စိတ်ချမ်းသာမှုရရှိနိုင်လိမ့်မည်။ သို့မှသာလျှင် လူ့လောကကြီး သာယာနိုင်လိမ့်မည်"တဲ့။

လူ့လောကကြီးသာယာဖို့ ရှေးရိုးစွဲအယူအဆတွေကို နွေဦးတော်လှန်ရေးနဲ့အတူ စွန့်ပစ်ကြပါစို့။

● မေစစ်မုန်း








ယခင်အပတ်မှအဆက်။

(၁) အကြမ်းမဖက်သောနည်းဖြင့် အာဏာဆန့်ကျင်ခြင်း

ပွန်ပေမြို့ကြီးကို ရောမများကသိမ်းပိုက်ပြီး ဆီဆာက ပွန်ပေမြို့ကိုဝင်တဲ့အခါမှာ ပွန်ပေမြို့သူမြို့သားတွေက ရောမတပ်သားတွေလာတာနဲ့ ကျောခိုင်းပြကြပါတယ်။ ရောမများလာတဲ့လမ်းဆိုရင် ရေဆေးတာမျိုးတွေလုပ်တတ်ကြပါတယ်။ ဆီဆာကိုယ်တိုင် မြို့တွင်းဝင် အရှုခံတော့ တမြို့လုံး ကျောပေးကြပြီး မျက်နှာချင်းဆိုင်တိုင်း တံတွေးထွေးပြတာကို ခံကြရပါတယ်။ ဥပဒေနဲ့ စည်းမျဉ်းအရ အပြစ်မဖြစ်ပေမယ့် ဆီဆာကိုယ်တိုင်စိတ်ထိခိုက် သွားခဲ့ရပါတယ်။ ဒါကြောင့် အီဂျစ်အရောက် ပွန်ပေဘုရင် ခေါင်းဖြတ်သတ်ခံရတာကို ကြားလိုက်တော့ စိတ်မကောင်းကြောင်းပြောသလို နောက်ပိုင်းမှာ ပွန်ပေမြို့သူမြို့သားတွေကို အာဏာဆန့်ကျင်ရာမှာ ထူးချွန်ကြကြောင်း ဆိုခဲ့ဖူးပါတယ်။

အာဏာဆန့်ကျင်ခြင်းဟာ (မိမိတို့အနေနဲ့) အာဏာရှင်ကို အုပ်ချုပ်သူအဖြစ် လက်မခံကြောင်းပြသခြင်းဖြစ်ပါတယ်။ ဆန္ဒပြခြင်း၊ ကြွေးကြော်ခြင်းများဟာ သင့်တင့်လျောက်ပတ်တဲ့ ဆန့်ကျင်ခြင်းများဖြစ်ပါတယ်။ သို့သော် သူပုန်သူကန်နည်းအရ ဗျူဟာကျကျ နည်းမှန်မှန် ဆန့်ကျင်ကြဖို့လိုပါတယ်။ အာဏာရှင်များကို ထိရောက်စွာ ဆန့်ကျင်လိုတယ်ဆိုရင် အရေးကြီးဆုံးက ဆန့်ကျင်ဖို့အတွက် အချက်အလက် တိတိကျကျ စုဆောင်းပြီး ဆန့်ကျင်ဖို့လိုပါတယ်။

ဆိုလိုသည်မှာ–ဘယ်တော်လှန်ရေးမဆို၊ ဘယ်အုပ်ချုပ်ရေးမဆို မရှိမဖြစ်က ပြိုင်ဘက်ရဲ့အချက်အလက်ကို စုဆောင်းထားနိုင်ခြင်း ဖြစ်ပါတယ်။ အချက်အလက်တွေဟာ လက်နက်ထက် ပိုတန်ဖိုးကြီးပါတယ်။ ဩဇာအာဏာနဲ့ အသက်ရှင်သူတိုင်းရဲ့အားနည်းချက်ဟာ သူတို့ ဖုံးကွယ်ဖုံးဖိထားရတဲ့ အချက်အလက်များဖြစ်ပါတယ်။ အဆို ပါ အချက်အလက်များကို ထုတ်ဖော်ခြင်းဖြင့် သူတို့အားနည်းချက်ကို ထိပါးလိုက်ခြင်းဟာ အထိရောက်ဆုံး ဆန့်ကျင်မှုဖြစ်ပါတယ်။

ခေတ်အရ လူတိုင်းလုပ်နိုင်တဲ့ ဆန့်ကျင်မှုကတော့–ရန်သူတွေရဲ့ အချက်အလက်များကို ပေါက်ကြားအောင်ဆောင်ရွက်ပြီး လူမှုအသိုက်အဝန်းအတွင်း အရှက်ရအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ မည်သူကိုမဆို ဤနည်းအားဖြင့် ဆန့်ကျင်မှုကို ဖော်ထုတ်ခြင်းက အထိရောက်ဆုံးဖြစ်ပါတယ်။ ဥပမာ–အက်ဒွပ်စနိုဒန်ကို (Edward Snowden) မရမက ဖမ်းဆီးလိုကြခြင်းဟာ နိုင်ငံတော်လျှို့ဝှက်အချက်အလက်တွေကို ပေါက်ကြား မှာစိုးရိမ်ခြင်းထက်၊ နိုင်ငံတော်လျှို့ဝှက်အချက်အလက်များနည်းတူ ဖုံးကွယ်ထားရတဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေ အပြင်ရောက်သွားမှာ ကြောက်ကြလို့ဖြစ်ပါတယ်။ နစ်ဆင် (Richard Nixon) က အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံရတော့ ဖက်ဒရယ်ဗျူရို ရဲ့ အရာရှိကြီးဖြစ်တဲ့ ဂျေအက်ဂါဟူးဗား (J. Edgar Hoover) ဟာ နစ်ဆင်ရဲ့လူတွေလာပြီး ဖက်ဒရယ်ဗျူရိုရဲ့အချက် အလက်တွေကို ယူမှာစိုးရိမ်လို့ တာဝန် ကနေအနားယူဖို့ ထွက်လာတဲ့အချိန် သူ့ကိုယ်ရေးအရာရှိကို ဗျူရိုမှာ ရှိသမျှ မှတ်တမ်း တိုင်း ဖျက်ဆီးထားဖို့ မှာခဲ့ပါတယ်။ နစ်ဆင်အနေနဲ့ ဘာအချက်အလက်မှ မရခဲ့တာကြောင့် ဟူးဗားကို မထိပါးနိုင် ခဲ့ပါဘူး။ အကြောင်း က နစ်ဆင်သမ္မတဖြစ်ရေး မဲဆွယ်စည်းရုံးမှု အချက်အလက်တွေကို ဟူးဗားကသိနေသလို၊ နစ်ဆင်ကလည်း ဟူးဗားလိုလူ က တကယ်တမ်း လိင်တူ ဆက်ဆံသူအဖြစ် သိခဲ့တာကြောင့် အချက်အလက်ရှာ အညှာ ကိုင်ဖို့ ကြိုးစားခဲ့တာပါ။ ဒါပေမယ့် ဟူးဗား သေဆုံးပြီးနောက် နှစ်ပေါင်း များစွာအထိ ဒီဖြစ်ရပ်များကို မသိခဲ့ကြပါ ဘူး။ (ဗဟုသုတ–ကနေဒီ သမ္မတ လုပ်ကြံမှုဖြစ်ရပ်စုံ လျှို့ဝှက်မှတ်တမ်းဟာ နှစ်ခြောက်ဆယ် ပြည့်ခဲ့ ပြီ မို့ ဒီနှစ်အတွင်း ပြည်သူကို ချပြရတော့မှာပါ။)

အချက်အလက်တွေဟာ တန်ဖိုး သိပ်ကြီးပါတယ်။ အာဏာရှင်ဆိုတာက တယောက်တည်းမဟုတ်ပါဘူး။ သူ့နောက်ပါ တပည့်တပန်းများ မြောက်များစွာရှိပါတယ်။ ဆွန်ဇူးရဲ့ စစ်ရေးမဟာဗျူဟာအရဆိုရင် အပင်ကြီးကိုဖျက်ဆီးချင်ရင် အကိုင်းအခက်နဲ့ အမြစ်အပွားတွေကိုဖြတ်ဆိုသလိုပါပဲ၊ အာဏာရှင်တဦးတည်းကို တိုက်ခိုက်ဆန့်ကျင်သင့်သလို၊ သူ့အဆွယ်အပွားများကိုပါဆန့်ကျင်ခြင်းက အရမ်းထိရောက်ပါတယ်။ လူတယောက်ရဲ့အသက်ကို သေအောင်လုပ်တာထက်၊ ဘဝကို ပျက်စီးအောင်လုပ်ခြင်းက ပိုအထိနာပါတယ်။ သြဇာအာဏာနဲ့ အသက်မွေးသူအတွက် ဂုဏ်သိက္ခာဟာ အရေးပါပြီး၊ ဂုဏ်သိက္ခာကို ထိပါးလိုက်ခြင်းဟာ ဘဝကို ဖျက်ဆီးလိုက်ခြင်းဖြစ်ပါတယ်။

စစ်မက်ရေးရာ သေနင်္ဂဗျူဟာအရ – ဘယ်တပ်မဆို အားနည်းချက် ရှိပါတယ်၊ အဲသလိုပါပဲ ဘယ်ပြိုင်ဘက်မဆို အားနည်းချက် ရှိပါတယ်၊ အားနည်းချက်ကို အသုံးချပြီး ဆန့်ကျင်မှုကို အားဖြည့်တင်းလိုက်ခြင်းဟာ အလွန် ထိရောက်ပါတယ်။ သမ္မတတာဝန်ယူနေချိန် သမ္မတထရမ့်ရဲ့အပုပ်တွေကို နာမည်ဆိုးထွက်အောင် ပြိုင်ဘက်များက တောက်လျှောက် ဖော်ကြပါတယ်၊ အရမ်းလည်းထိရောက်ပြီး သမ္မတထရမ့်လက်ထက်ဟာ အမေရိကန်သမိုင်း သမ္မတအစဉ်အဆက်မှာ အုပ်ချုပ်ရေးယန္တရားအတွင်း ရာထူးအရွှေ့အပြောင်းအများဆုံးဖြစ်ခဲ့ပါတယ်။ အကြောင်းက ထရမ့်ဟာ သူ့ရဲ့အားနည်းချက်ကို ထိပါးလာတာနဲ့ ဖြုတ်ထုတ်လုပ်ခဲ့တာပါ။ နောက်ဆုံးတော့ လည်း သူဟာ အဆိုးဆုံးသမ္မတစာရင်းဝင် ဖြစ်သွားပါတယ်။ လက်ရှိ သူ့ရဲ့ ဘီလီယံချီ လုပ်ငန်းတိုင်း အရှုံးပေါ်နေပြီး အကြီးဆုံး စီးပွားရေး စာချုပ်များကအစ သူနဲ့တွဲမလုပ်ကြဖို့ နောက်ဆုတ်သွားခဲ့ကြပါတယ်။

ရှေ့တပတ်ဆက်ရန် ... ။

● မောရိသျှ








နွေဦးတော်လှန်ရေးလှုပ်ရှားမှုတွေကို စစ်အုပ်စုက ဘယ်လောက်ပဲ ရက်ရက်စက်စက် ချိုးနှိမ်နေပေမဲ့ အားကောင်းကောင်း ပြောက်ကျားသပိတ်တွေ မရပ်မနားပေါ်နေတာ မြင်ရတော့ လေးစား အားကျမိပါတယ်။ အဲဒီထဲမှာမှ အားနွဲ့တယ်၊ ကြောက်တတ်တယ်၊ နိုင်ငံရေးဆိုတာ အမျိုးသားများရဲ့ဝန်းကျင်လို့ "မသိစိတ်ထဲက" ယူဆထားတဲ့ ဒီနိုင်ငံမှာ အမျိုးသမီးပြောက်ကျားသပိတ်တွေကို မြင်လိုက်ရတော့ အဲဒီယူဆချက်တွေကို ရိုက် ချိုး ပစ်လိုက်တာ၊ ရိုက်ချိုးပြလိုက်တာလို့ထင်ပါတယ်။

ဒါ့အပြင် အမျိုးသမီးတွေဟာ အိမ်မှာနေပြီး၊ အိမ်မှာပဲနေပြီး ကလေးထိန်း၊ အိမ်ထောင်ထိန်းသိမ်းတာပဲ လုပ်ရမယ်ဆိုတဲ့ လမ်းကြောင်းကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ပြလိုက်တာ။ အရွယ်သုံးပါးမရွေး လမ်းပေါ် ထွက်ပြီး ရှေ့တန်းကနေ သတ္တိရှိရှိပါဝင်ခဲ့ကြတယ်။ နဖူးမှာ သေနတ်မှန်ပြီး ကျဆုံးခဲ့တဲ့ အမျိုးသမီးငယ်လေးတွေရှိတယ်။ သူတို့အတွက် ပိုပြီးလှုပ်ရှားလာကြတယ်။ မတရားမှုကိုတွန်းလှန်ဖို့ ရှေ့ကိုပိုပိုပြီးတိုးလာကြတယ်။ နိုင်ငံအရေးဟာ အမျိုးသမီးတွေရဲ့ အရေးပဲလို့ အသေအချာ လက်တွေ့ကျကျ သက်သေပြလိုက်